## ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဆိုင်ရာအချက်အလက်များ

၁။ ၁၉၄၆ခုနှစ် ဒုတိယကမ္ဘာစစ်အပြီးတွင် ကလေးသူငယ်များ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့်ကာကွယ်စောင့်ရှောက်ရန်ကိစ္စရပ်များအတွက် ကုလသမဂ္ဂအထွေထွေ ညီလာခံကြီး၏ဆုံးဖြတ်ချက်ဖြင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဖွဲ့စည်း ထည်ထောင်ခဲ့သည်။ ကလေးများ၏အကျိုးစီးပွား၊ ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ် များအသက်ရှင်ရပ်တည်ဖွံ့ဖြိုးမှုများအတွက် ဆောင်ရွက်လုပ်ကိုင်ပေးသော ကုလသမဂ္ဂလက် အောက်ရှိ အထူးအေဂျင်စီဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ် (Convention on the Rights of the Child 1989) ကိုအထွေထွေညီလာခံကြီးကဖော်ဆောင်ပေးခဲ့ပါသည်။ အထူးသဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများမှကလေး များကို အာရုံစိုက်၍ပြုစုကုသကျွေးမွေးစောင့်ရှောက် ကာကွယ်မှုများကို ပြုလုပ်ပေးသည်။ ၁၉၉၈ခု မေလအထိ ထိုစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံပေါင်း (၁၉၁) နိုင်ငံ ရှိပြီဖြစ်သည်။

၂။ ယူနီဆက်အဖွဲ့ကြီးသည် ကမ္ဘာတစ်လွှားတွင် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိ သောလုပ်ငန်းများမှာ

(က) စရိတ်သက်သာသော အခြေခံကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများ

(ခ) ကလေးသူငယ်များ အာဟာရဓါတ်ပြည့်ဝစွာ စားသုံးနိုင်စေရေးကိစ္စ

(ဂ) ကလေးများ အခြေခံပညာသင်ကြားတတ်မြောက်စေရေး

(ဃ) သန့်ရှင်းစင်ကြယ်၍ ကျန်းမာရေးနှင့်ပြည့်စုံစေမည့် သောက်သုံးရေရရှိစေရေး

(င) ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မိလ္လာသန့်ရှင်းစေရေး

(စ) အမျိုးသမီးများ ဘဝတိုးတက်ဖွံ့ဖြိုးစေရေး

(ဆ) ကလေးများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရေး၊ အထူးသဖြင့် မိန်းကလေးများ၏ အခြေခံနှင့်မွေးရာပါအခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ဖော်ထုတ်ပေးရေးကို လုပ်ဆောင်ပေးရေး

(ဇ) လူအများသဘာဝအန္တရာယ်များကြောင့် ဘေးဒုက္ခများနှင့် ရင်ဆိုင်တွေ့ကြုံလာရသောအခါ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကိုလည်း ပါဝင်ဆောင်ရွက်ကူညီပေးရေးစသည်တို့ဖြစ်သည်။

၃။ ယူနီဆက်အဖွဲ့ကြီးသည် ၁၉၆၅ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုကို ဆွတ်ခူးရရှိခဲ့ပါသည်။ ယူနီဆက်အဖွဲ့ကြီးကို အဖွဲ့ဝင် ၃၆ ဦးပါဝင်သော စီမံခန့်ခွဲရေးဘုတ်အဖွဲ့ က ကြီးကြပ်အုပ်ချုပ်ပြီး မူဝါဒများချမှတ်ပေးခြင်း၊ လုပ်ငန်းဆိုင်ရာအစီအစဉ်များကို ပြန်လည်သုံးသပ်ပေးခြင်းနှင့် ဘတ်ဂျက်အသုံးငွေများကို အတည်ပြုပေးခြင်းကိစ္စရပ်များကို လုပ်ဆောင်ပေးကြပါသည်။ ထိုအဖွဲ့သည် စီးပွားရေးနှင့်လူမှုရေးကောင်စီမှတစ်ဆင့် ကုလသမဂ္ဂအထွေထွေညီလာခံကြီးသို့ အစီရင်ခံစာများ တင်ပြပေးရသည်။

၄။ ယူနီဆက်အဖွဲ့ကြီးတွင် ဝန်ထမ်းပေါင်း ၆၂၀၀ ကျော် တာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံပေါင်း ၁၃၃ နိုင်ငံတွင် စခန်း (၂၄၂) ခုဖြင့် လှုပ်ရှားဆောင်ရွက်နေပါသည်။ ယူနီဆက်အဖွဲ့ကြီး၏ရန်ပုံငွေကို အစိုးရများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများကပါ ဝိုင်းဝန်းပံ့ပိုးထောက်ပံ့ကူညီလျက်ရှိသည်။ အဖွဲ့ရန်ပုံငွေ၏ (၃၀)ရာခိုင်နှုန်းမှာ ပုဂ္ဂလိကများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ပေးလှူထောက်ပံ့နေကြခြင်း ဖြစ်သည်။

## ယူနီဆက်အဖွဲ့ကြီးနှင့် မြန်မာနိုင်ငံ

၅။ ယူနီဆက်အဖွဲ့သည် မြန်မာနိုင်ငံတွင် ၁၉၅၀ ဧပြီလတွင် စတင်ရုံးစိုက်ခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေးအရခက်ခဲသောအခြေအနေများတွင်ပင် ရေကျောက်၊ အနာကြီးရောဂါ၊ ဝက်သက်ရောဂါကာကွယ်ရေးစသည့် ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် တစ်စိုက်မတ်မတ် ဆောင်ရွက်ကူညီပေးခဲ့ပါသည်။ ယူနီဆက်အဖွဲ့သည် ထိုအချိန်မှစတင်၍ ကျေးလက်ဒေသကျန်းမာရေးဝန်ဆောင်မှုများ၊ ကလေးသူငယ်များအတွက် အခြေခံပညာရေး

ဝန်ဆောင်မှုများ၊ သန့်ရှင်းသောသောက်သုံးရေအလုံအလောက်ရရှိရေးစသည့်တို့ကို ထောက်ပံ့ကူညီဆောင်ရွက်ပေးခဲ့သည်။ ယူနီဆက်အဖွဲ့သည် ၁၉၉၁ အတွင်းမြန်မာနိုင်ငံအတွက် ကလေးသူငယ်ဆိုင်ရာအခွင့်အရေးစာချုပ်နှင့် အမျိုးသမီးများအကြမ်းဖက်မှုကာကွယ်တားဆီးရေးစာချုပ်တို့ကို အတည်ပြုလက်မှတ်ထိုးနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ပြီးနောက်တွင် ဗဟိုထိန်းချုပ်မှုများလျော့ချလာခြင်းကြောင့် ယူနီဆက်အဖွဲ့အနေဖြင့် အစိုးရ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ကလေးငယ်များဆိုင်ရာကိစ္စရပ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ ယူနီဆက်အဖွဲ့သည် ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်များကြုံတွေ့လာပါက ကလေးသူငယ်များအတွက် မြန်မာအစိုးရ၏ကယ်ဆယ်ဆောင်ရွက်မှုများကို ထောက်ပံ့ကူညီမှုများဆောင်ရွက်ရန်ဖြစ်သည်။ လက်ရှိညှိနှိုင်းဆောင်ရွက်မှုများမှာ ကဏ္ဍပေါင်းစုံပြုပြင်ပြောင်းလဲရေးအတွက် ကူညီဆောင်ရွက်ပေးရန်အပြင် ကလေးသူငယ်ဆိုင်ရာအခွင့်အရေးများ အရှိန်ဟုန်မြှင့်စွာဆောင်ရွက်နိုင်ရေးမူဝါဒများ၊ ဥပဒေပြုခြင်းများကို ဆောင်ရွက်ပေးရန်ဖြစ်သည်။ ၂၀၁၄–၂၀၁၇ အထိ ယူနီဆက်အဖွဲ့၏ မြန်မာနိုင်ငံအတွင်းဦးစားပေးလုပ်ငန်းများအဖြစ် ကလေးများအတွက် ပြည်သူ့ဘဏ္ဍာရေးကို တိုးမြှင့်ပေးရန်၊ ရခိုင်ဒေသအတွင်းရှိ ကလေးများ၏အခွင့်အရေးများကို မြှင့်တင်ပေးရန်၊ စစ်ဘေးရှောင်ကလေးသူငယ်များကိုကာကွယ်ပေးရန်၊ ကလေးငယ်များ၏ ပထမရက် (၁၀၀၀)အတွင်း ကျန်းမာသန်စွမ်းစေရန်၊ မသန်မစွမ်းကလေးသူငယ်များကို စောင့်ရှောက်ကူညီပေးရန်တို့ဖြစ်သည်။

## ယူနီဆက်အဖွဲ့၏၂၀၁၆ ခုနှစ်အတွက် မြန်မာနိုင်ငံဆိုင်ရာရန်ပုံငွေလျာထားချက်

၆။ ယူနီဆက်အဖွဲ့သည် မြန်မာနိုင်ငံအတွင်း လူသားချင်းဆိုင်ရာကလေးများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် အမေရိကန်ဒေါ်လာ ၂၄.၉၆သန်း တောင်းခံထားပါသည်။ မြန်မာနိုင်ငံဆိုင်ရာယူနီဆက်အဖွဲ့သည် ပညာရေး၊ ကျန်းမာရေး၊ အာဟာရတိုက်ကျွေးရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

# မြန်မာနိုင်ငံဆိုင်ရာယူနီဆက်အဖွဲ့၏ ၂၀၁၆ ခုနှစ်စီမံကိန်းလျာထားချက်များ

## (က) အာဟာရ

- ပြင်းထန်သောအာဟာရချို့တဲ့မှုဝေဒနာခံစားနေရသည့် အသက် (၆) လ မှ (၅၉) လ အတွင်း ကလေးငယ် ၅၅၀၀ဦး၊ အသက် ၅နှစ်မှ ၉နှစ်ကြားကလေး ၁၅၀၀ဦးအား ကုသပေးရေး
- အသက် (၆) လမှ (၅၉) လကြားကလေးငယ် ၂၂,၅၀၀ဦးနှင့် ကိုယ်ဝန်ဆောင် (သို့) နို့တိုက်မိခင် ၁၀,၀၀၀ဦးအား လိုအပ်သည့် အာဟာရစောင့်ရှောက်မှုပေးရေး
- ကိုယ်ဝန်ဆောင်(သို့)နို့တိုက်မိခင် ၇,၀၀၀အား မွေးကင်းစနှင့်ကလေးသူငယ်များကို အာဟာရ တိုက်ကျွေးခြင်းနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ပေးရေး

## (ခ) ကျန်းမာရေး

- ဝေဒနာခံစားနေရသည့် အသက်(၉)လမှ (၁၈)လအကြား ကလေးသူငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးပေးရေး

## (ဂ) တစ်ကိုယ်ရည်သန့်ရှင်းရေး

- လူဦးရေ ၆၀,၀၀၀အား လုံလောက်ပြီး စိတ်ချရသည့် သောက်ရေ၊ သုံးရေများရရှိအောင် ဆောင်ရွက်ပေးရေး
- လူဦးရေ ၆၀,၀၀၀အား စိတ်ချရသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရေး
- လူဦးရေ ၆၀,၀၀၀အား ဝမ်းပျက်ဝမ်းလျှောရောဂါကူးစက်ပျံ့ပွားမှု၊ ကြိုတင်ကာကွယ်မှုများနှင့်ပတ်သက်သည့် အခြေခံအသိပညာများပေးရေး

## (ဃ) ကလေးငယ်များအားကာကွယ်ပေးခြင်း

- ကလေးငယ် ၁၂၀,၀၀၀ဦးအား ကလေးသူငယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများဖြင့် ကာကွယ်ပေးရေး

## (င) ပညာရေး

- ကလေးငယ် ၄၁,၀၀၀အား မူလတန်းနှင့် မူလတန်းကြိုပညာသင်ကြားရေးအခွင့်အလမ်းများ ပြုလုပ်ပေးရေး
- အရွယ်ရောက်ပြီးကလေး ၈,၁၀၀အား အလယ်တန်း(သို့)မူလတန်းလွန်ပညာရေးအခွင့်အလမ်းများ ပြုလုပ်ပေးရေး

# မြန်မာနိုင်ငံဆိုင်ရာယူနီဆက်အဖွဲ့၏ ၂၀၁၆ ခုနှစ် ဘဏ္ဍာရေးလျာထားချက်များ

| ကဏ္ဍများ | ၂၀၁၆ ခုနှစ် လိုအပ်ငွေ (အမေရိကန်ဒေါ်လာ) |
|---|---|
| အာဟာရ | ၃,၅၀၀,၀၀၀ |
| ကျန်းမာရေး | ၄,၅၀၀,၀၀၀ |
| တစ်ကိုယ်ရေသန့်ရှင်းရေး | ၅,၀၀၀,၀၀၀ |
| ကလေးသူငယ်ကာကွယ်ရေး | ၆,၇၆၀,၀၀၀ |
| ပညာရေး | ၄,၇၀၀,၀၀၀ |
| အဖွဲ့အစည်းများညှိနှိုင်းဆောင်ရွက်ခြင်း | ၅၀၀,၀၀၀ |
| **စုစုပေါင်း** | **၂၄,၉၆၀,၀၀၀** |

# မြန်မာနိုင်ငံအတွင်းရှိ ယူနီဆက်ရုံးခွဲများ



# မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်အဖွဲ့၏ကိုယ်စားလှယ် Mr. Bertrand Bainvel ၏ ကိုယ်ရေးအကျဉ်း



၁။ Mr. Bertrand Bainvel သည် ၂၀၁၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ကိုယ်စားလှယ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ Mr. Bertrand Bainvel သည် ပြင်သစ်နိုင်ငံသားဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ရှိ Ecole des Hautes Etudes Commerciales (H.E.C.) တက္ကသိုလ်မှ စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှုပညာမဟာဘွဲ့ကိုရရှိခဲ့သည်။ ထို့ပြင် ၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ ဟားဗတ် တက္ကသိုလ်မှ ပြည်သူ့အုပ်ချုပ်မှုဆိုင်ရာပညာရပ်မဟာဘွဲ့ကို ရရှိခဲ့ပါသည်။

၂။ Mr. Bertrand Bainvel သည် ၁၉၉၃ ခုနှစ် ဇန်နဝါရီလတွင် ယူနီဆက်အဖွဲ့ကြီးသို့ စတင်ဝင်ရောက်ခဲ့သည်။ ၎င်းသည် ယူနီဆက်အဖွဲ့ကြီးတွင် စတင်တာဝန်မထမ်းဆောင်မီ ပြင်သစ်နိုင်ငံ ပုဂ္ဂလိကကုမ္ပဏီများတွင် ဘဏ္ဍာရေး၊ ဈေးကွက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ မှ ၁၉၉၅ ခုနှစ်အထိ မွန်ဂိုလီယားနိုင်ငံ၊ ယူလန်ဘာတာ (Ulaanbaatar)မြို့တွင် လက်ထောက်စီမံကိန်းအရာရှိ၊ စီမံကိန်းအရာရှိစသည့် တာဝန်များကိုထမ်းဆောင်ခဲ့သည်။ ၎င်းသည် အယ်ဘန်နီးယားနိုင်ငံ၊ တီရန်နာမြို့တွင် စီမံကိန်းအရာရှိအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ မှ ၁၉၉၉ ခုနှစ်အထိ ၎င်းသည် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၌ ယူနီဆက်အဖွဲ့ကြီး၏ကျန်းမာရေးဌာနခွဲတွင် စီမံကိန်းအရာရှိတာဝန်ဖြင့် ယူနီဆက်အဖွဲ့၏ပထမဦးစားပေးဗျူဟာအနေဖြင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံများ၏ပဏာမခြေလှမ်းအဖြစ် အနောက်အာဖရိကနိုင်ငံမြို့ကြီးများတွင်

မြို့ပြကျန်းမာရေး အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ပူးပေါင်းပါဝင်ရေးတို့ကို တာဝန်ယူဆောင်ရွက်ခဲ့သည်။

၃။ Mr. Bertrand Bainvel သည် ၁၉၉၉ မှ ၂၀၀၂ ခုနှစ်အထိ ယူနီဆက်အဖွဲ့၏ ဒုတိယအထူးကိုယ်စားလှယ်အဖြစ် ဂျေရူစလင်မြို့တွင်လည်းတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ မှ ၂၀၀၈ ခုနှစ်အထိ ၎င်းသည် ဂျာမေကာနိုင်ငံတွင် ယူနီဆက်အဖွဲ့၏ ကိုယ်စားလှယ်အဖြစ် ကလေးသူငယ်ဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၀၈ မှ ၂၀၁၂ အထိ ရုရှားနိုင်ငံ၊ မော်စကိုမြို့တွင် ယူနီဆက်ရုံး၏ ကိုယ်စားလှယ်အဖြစ် အရင်းအမြစ်များကိုစုစည်းကာ နိုင်ငံ၏လုပ်ငန်းအစီအစဉ်များတွင် မသန်မစွမ်းကလေးသူငယ်များ၊ အိတ်ချ်အိုင်ဗွီနှင့် အေ့ဒ်စ်ကူးစက်ခံရသူများနှင့် အန္တရာယ်ကျရောက်ဖွယ်ရှိသော လူပျို/အပျိုဖော်ဝင်စအရွယ်များအပါအဝင် အကာအကွယ်မဲ့ပြီး ပစ်ပယ်ခံဖြစ်နေသော ကလေးသူငယ်များ၏အရေးကို အဓိကထား၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ယူနီဆက်ကိုယ်စားလှယ်အနေဖြင့် ၎င်းသည် ရုရှားဖက်ဒရေးရှင်းနှင့်ပုံစံသစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အား ချမှတ်နိုင်မည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

၄။ သို့ဖြစ်၍ Mr. Bertrand Bainvel သည် ကမ္ဘာတစ်ဝန်း ဒေသအတော်များများတွင် ဦးဆောင်ဦးရွက်ပြုရသော ရာထူးရာထူးများ၌ ယူနီဆက်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၌ နှစ်ပေါင်း (၂၀)ကျော် အတွေ့အကြုံရှိသူဖြစ်သည်။ အမှုထမ်းသက်တမ်းတစ်လျှောက် ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အရေးကိစ္စအတော်များများကို ဦးဆောင်ဦးရွက်ပြုခဲ့သူလည်းဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ကိုယ်စားလှယ်အဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်တွင် လွန်ခဲ့သောနှစ်များအတွင်း ယူနီဆက်၊ မြန်မာအစိုးရနှင့်မြန်မာပြည်သူများအကျိုးတူ ပူးပေါင်းဆောင်ရွက်ရာ၌ ရရှိခဲ့သော အောင်မြင်မှုများအပေါ် ဆက်လက်တည်ဆောက်သွားရန်မျှော်လင့်ကြောင်း ပြောကြားထားသည်။

၅။ ထို့ပြင် Mr. Bertrand Bainvel က

*"အခုလိုနိုင်ငံအတွက် သမိုင်းတွင်တဲ့အခါသမယဖြစ်တဲ့အလျောက် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်တဲ့နေရာမှာ မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ ရင်းနှီးမြှုပ်နှံမှုများနှင့်ကြိုးပမ်းမှုများတွင် ကလေးသူငယ်များကို ဗဟိုပြုရပါမယ်"*

ဟု မြန်မာနိုင်ငံဆိုင်ရာယူနီဆက်ကိုယ်စားလှယ်အဖြစ် တာဝန်စတင်ထမ်းဆောင်ချိန်တွင် ပြောကြားထားပါသည်။